ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**ရုံးတွင်းညွှန်ကြားလွှာအမှတ် ( ၃၅ / ၂၀၂၀ )**

အကြောင်းအရာ။ **အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း**

ရည် ညွှန်း ချက်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၀-၇-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၄/၂၀၂၀

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် အကောက်ခွန်ဦးစီးဌာန၏ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအား အမိန့်ကြော်ငြာစာအမှတ်၊ ၇၄/၂၀၂၀ ဖြင့် ထုတ်ပြန်ထားမှုအပေါ် သိရှိလိုက်နာဆောင်ရွက်သွားရန် ညွှန်ကြားလိုက်သည်။

၂။ ဤလုပ်ထုံးလုပ်နည်းများသည် ၁-၁၀-၂၀၂၀ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

30.7.2020

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
အောင်ခိုင်၊ ညွှန်ကြားရေးမှူး (စီမံ)

စာအမှတ်၊ ၃၃ - ဝထ / ၂၀၂၀ ( ၁၂၂၉ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်

**ဖြန့်ဝေခြင်း**

**ဒုတိယညွှန်ကြားရေးမှူးချုပ်** (အုပ်ချုပ်မှုနှင့် စီမံရေးရာ)
**ဒုတိယညွှန်ကြားရေးမှူးချုပ်** (စစ်ဆေးရေးနှင့် အခွန်ကြီးကြပ်ရေး)
**ဒုတိယညွှန်ကြားရေးမှူးချုပ်** (နယ်ရုံးများကြီးကြပ်ရေး)
**ညွှန်ကြားရေးမှူးများအားလုံး**
**ဒုတိယညွှန်ကြားရေးမှူးများအားလုံး**
**ဌာနခွဲများအားလုံး**
**တိုင်းနှင့်ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများအားလုံး**

အမြဲတမ်းစစ်ဆေးရေးစခန်းများ (ရေပူ၊ မရမ်းချောင်)

OSS စခန်းများ (မူဆယ်၊ မြဝတီ)

အထူးစီးပွားရေးဇုန်များ (သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်)

မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများအားလုံး

စီမံဌာနစိတ် (အပို ၃ စောင်)

မိတ္တူကို

လက်ခံစာတွဲ

မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၇၄ /၂၀၂၀

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်)

**အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများလိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ**

စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ ပုဒ်မ ၂၀၄ ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်**

၁။ ဤလုပ်ထုံးလုပ်နည်းများကို အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသောစကားရပ်များသည် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ဖော်ပြပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ခ) **အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ကုန်ပစ္စည်းတစ်ရပ်ရပ်ကို တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း၊ ခရီးသည်ဝန်စည်စလယ်များ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း၊ တစ်ဆင့်ဖြတ်သန်း သယ်ဆောင်ခြင်း၊ ယာဉ်များဝင်ရောက်ခြင်း သို့မဟုတ်

ထွက်ခွာခြင်းတို့နှင့်ပတ်သက်၍ အကောက်ခွန်ဆိုင်ရာကိစ္စရပ်များအတွက် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကိုဆိုသည်။

(ဂ) **အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီ** ဆိုသည်မှာ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းကိုသာ ဆောင်ရွက်ရန် သီးသန့်တည်ထောင်ထားသည့် ကုမ္ပဏီကိုဆိုသည်။

(ဃ) **အဝါရောင်ကတ်ကိုင်ဆောင်သူ** ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာနနှင့် **အကောက်ခွန်စစ်ဆေးရေးစခန်းများတွင်** အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းများ အားလုံးဝင်ရောက်ဆောင်ရွက်ခွင့်ရသော အကောက်ခွန်ဦးစီးဌာနက အသိအမှတ်ပြုသည့်သူကိုဆိုသည်။

(င) **ပန်းရောင်ကတ်ကိုင်ဆောင်သူ** ဆိုသည်မှာ ဆိပ်ကမ်း၊ လေဆိပ်၊ ကုန်းတွင်းဆိပ်နှင့် အခြား အကောက်ခွန်စစ်ဆေးရေးစခန်းများတွင် ကုန်ပစ္စည်းများရှင်းလင်း ထုတ်ယူနိုင်ရေးအတွက် အဝါရောင်ကတ်ကိုင်ဆောင်သူ၏ကိုယ်စား ကုန်ပစ္စည်းတင်သွင်းသို့မဟုတ် တင်ပို့သည့် မြေပြင်လုပ်ငန်းလုပ်ကိုင်ကြရသည့် လုပ်သား (Clearing Worker) အဖြစ် ဆောင်ရွက်ခွင့်ရသော အကောက်ခွန်ဦးစီးဌာနက အသိအမှတ်ပြုသည့်သူကိုဆိုသည်။

(စ) **အဖြူရောင်ကတ်ကိုင်ဆောင်သူ** ဆိုသည်မှာ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအတွက် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခွင့်ရသူဖြစ်ပြီး အစိုးရဌာန တစ်ခု ၊ အဖွဲ့အစည်း တစ်ခုကို ကိုယ်စားပြုသူအဖြစ် အကောက်ခွန်ဦးစီးဌာနက အသိအမှတ်ပြုသည့်သူကိုဆိုသည်။

(ဆ) **အသုံးပြုသူ လျှို့ဝှက်သင်္ကေတ (User Code)** ဆိုသည်မှာ မြန်မာ့အလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ် **(Myanmar Automated Cargo Clearance System-MACCS)** သို့ ဝင်ရောက် ချိတ်ဆက်အသုံးပြုနိုင်ရေးအတွက် ထုတ်ပေးထားသော ကုတ်နံပါတ်ကိုဆိုသည်။

(ဇ) **အောင်လက်မှတ်ကတ်ပြား** ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာနကကျင်းပပြုလုပ်သော အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို အကောက်ခွန်ဦးစီးဌာနက အသိအမှတ်ပြု ထုတ်ပေးသည့် လက်မှတ်ကိုဆိုသည်။

## အခန်း (၂)

## အရည်အချင်းသတ်မှတ်ချက်

၃။ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ခွင့် လျှောက်ထားသူများသည် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) အဝါရောင်ကတ်ကိုင်ဆောင်သူများသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။

(၃) အကောက်ခွန်ဦးစီးဌာနက အသိအမှတ်ပြု ထုတ်ပေးသည့် အောင်လက်မှတ်ကတ်ပြားရရှိပြီးသူ ဖြစ်ရမည်။

(၄) ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

(၅) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ခ) ပန်းရောင်ကတ်ကိုင်ဆောင်သူများသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(၃) ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

(၄) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဂ) အဖြူရောင်ကတ်ကိုင်ဆောင်သူများသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက တာဝန်ပေးအပ်ထားသော ဝန်ထမ်းဖြစ်ရမည်။

(၃) ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

## အခန်း (၃)

## မှတ်ပုံတင်ခြင်း

၄။ အပိုဒ် ၃ အပိုဒ်ခွဲ (က) ပါ သတ်မှတ် အရည်အချင်းများနှင့် ကိုက်ညီသူများသည် အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရန် မှတ်ပုံတင်ခြင်းကို အကောက်ခွန်ဦးစီးဌာန သို့ အောက်ဖော်ပြပါ စာရွက်စာတမ်း ၊ အထောက်အထားများနှင့်အတူ လျှောက်ထားရမည်-

(က) အကောက်ခွန်လုပ်ငန်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေ ၊ အက်ဥပဒေ ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်းများ ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို လိုက်နာမည်ဖြစ်ကြောင်းဝန်ခံကတိပြုလွှာ။

(ခ) အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသည့် လျှောက်လွှာ ပုံစံ (က) ၊ ပုံစံ (ခ) ၊ ကိုယ်ရေးအချက်အလက် ပုံစံ (ဂ) ၊ လက်မှတ်နမူနာများနှင့် လက်ဗွေများပါဝင်သော ထွက်ဆိုချက်။

(ဂ) လုပ်ငန်းဆောင်ရွက်မည့်သူ တစ်ဦးချင်းစီ၏ လိုင်စင်ဓါတ်ပုံ၊ မှတ်ပုံတင်မိတ္တူနှင့် အိမ်ထောင်စုစာရင်း မိတ္တူ။

(ဃ) လုပ်ငန်းဆောင်ရွက်မည့်သူ တစ်ဦးချင်းစီ၏ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းထောက်ခံချက်နှင့် ရပ်ကွက်အတွင်း အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်။

(င) အဝါရောင်ကတ်ကိုင်ဆောင်သူသည် ပန်းရောင်ကတ် ကိုင်ဆောင်သူများခန့်ထားပါက အဝါကတ်ကိုင်ဆောင်သူနှင့် ပန်းရောင်ကတ်ကိုင်ဆောင်သူ တစ်ဦးချင်းစီ၏ အမည် စာရင်းနှင့် အဖွဲ့လိုက်ဓါတ်ပုံ။

(စ) အကောက်ခွန်ဦးစီးဌာနမှ အခါအားလျော်စွာ ထပ်မံတောင်းခံသော အခြားလိုအပ် သည့် စာရွက်စာတမ်းများ။

(ဆ) သက်ဆိုင်ရာ ကုမ္ပဏီ၏ ထောက်ခံချက် ။ (ဝန်ဆောင်မှုကုမ္ပဏီဖွဲ့စည်း ဆောင်ရွက် မည့်သူများ နှင့်မသက်ဆိုင်ပါ)

(ဇ) သက်ဆိုင်ရာ ကုမ္ပဏီမှလွှဲ၍အခြားကုမ္ပဏီ၊ လူပုဂ္ဂိုလ်များအတွက် ဝန်ဆောင်မှုမပြု ကြောင်း ကတိပြုခံဝန်ချက်။ (ဝန်ဆောင်မှုကုမ္ပဏီဖွဲ့စည်း ဆောင်ရွက်မည့်သူများ နှင့် မသက်ဆိုင်ပါ)

၅။ အကောက်ခွန်ဝန်ဆောင်မှု ကုမ္ပဏီဖြင့် လုပ်ငန်းဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံသား ပိုင်ကုမ္ပဏီဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (Directorate of Investment and Company Administration –DICA) ၌ (ဝန်ဆောင်မှု ကုမ္ပဏီမှတ်ပုံတင်အား) ဆောင်ရွက် ရမည်။ အကောက်ခွန်ဦးစီးဌာနသို့ တင်ပြရာတွင် အထက်အပိုဒ် ၄ အပိုဒ်ခွဲ (က) မှ (စ) အထိပါ စာရွက်စာတမ်း၊ အထောက်အထားများအပြင် အောက်ဖော်ပြပါ စာရွက်စာတမ်း၊ အထောက်အထား များ ထပ်မံပူးတွဲတင်ပြရမည်–

(က) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ ဝန်ဆောင်မှုကုမ္ပဏီ ဖွဲ့စည်းမှုဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ။

(ခ) အုပ်ချုပ်မှုဒါရိုက်တာမှ လက်မှတ်ရေးထိုးထားသော ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ၏ အမည်စာရင်း၊ အဖွဲ့လိုက်ဓါတ်ပုံ။

(ဂ) ရုံးခန်းတည်ရှိရာ နေရာမှန်ကန်ကြောင်း ကာယကံရှင်၏ ဝန်ခံကတိပြုချက်နှင့် ရုံးခန်း တည်ရှိရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်။ (ရုံးခန်းအတွင်း အပြင် ဓါတ်ပုံမှတ်တမ်းများနှင့်အတူ ပူးတွဲတင်ပြရန်)

၆။ အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီတွင် အဝါရောင်ကတ် ကိုင်ဆောင်သူတစ်ဦးဖြင့် ဆောင်ရွက် နိုင်ပြီး ဒါရိုက်တာအဖွဲ့ဖြင့် ဆောင်ရွက်မည်ဆိုပါက အဝါရောင်ကတ်ကိုင်ဆောင်သူ အနည်းဆုံး တစ်ဦး မှ အများဆုံး ငါးဦးအထိ ထားရှိဖွဲ့စည်းနိုင်သည်။ အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီမဟုတ်ဘဲ အဝါရောင်ကတ်ကိုင်ဆောင်သူ တစ်ဦးသည် ကုမ္ပဏီတစ်ခုတည်းအတွက်သာ ဝန်ဆောင်မှုဆောင်ရွက် မည်ဆိုပါက အကောက်ခွန်ဝန်ဆောင်မှု ကုမ္ပဏီတည်ထောင်ရန် မလိုဘဲ အဆိုပါကုမ္ပဏီ၏ ထောက်ခံချက်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်သည်။ အဝါရောင်ကတ်အောက်တွင် ပန်းရောင်ကတ် ကိုင်ဆောင်သူ လုပ်သား ငါးဦးအထိ ခန့်ထားနိုင်သည်။

၇။ အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီများနှင့် ကုမ္ပဏီတစ်ခုတည်းအတွက် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မည့် အဝါရောင်ကတ်ကိုင်ဆောင်သူများသည် လုပ်ငန်းမှတ်ပုံတင်ကြေးနှင့် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၂ အရ အာမခံငွေ (Fixed Deposit) ကို အကောက်ခွန်ဦးစီးဌာနမှ အခါအားလျော်စွာ သတ်မှတ်ပေးသည့်အတိုင်း ပေးသွင်းရမည်။ ပေးသွင်းထားကြောင်း အကောက်ခွန်ဦးစီးဌာန ၊ ဘဏ္ဍာရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၏ ထောက်ခံချက်နှင့်ပူးတွဲ တင်ပြရမည်။

၈။ နယ်စပ်များမှ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ခွင့် တင်ပြခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် ကြိုတင်စစ်ဆေးပြီး အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲသို့ ဆက်လက်တင်ပြဆောင်ရွက်သွားရမည်။

၉။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီအသစ်ဖွဲ့စည်းရာတွင် ယခင်ပြစ်ဒဏ်ရှိ၍ ပိတ်သိမ်းခဲ့သော အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီမှ အဖွဲ့ဝင်များဖြင့်ထပ်မံလျှောက်ထားလာမှုများအား ဆောင်ရွက်ခွင့်မပြုဘဲ အဖွဲ့ဝင်စာရင်းမှ ပယ်ဖျက်သွားမည်။

၁၀။ လုပ်ကိုင်ခွင့်ရရှိပါက အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် (Broker Licence) အား ထုတ်ပေးသွားမည်ဖြစ်သည်။ အကောက်ခွန်ကြေညာလွှာတင်သွင်းနိုင်ရန်အတွက် ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲ၊ မှတ်ပုံတင်ဌာနစိတ် (User Registration Section) တွင် မှတ်ပုံတင်ခြင်းဆောင်ရွက်ရမည်။ ထို့သို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (Myanmar Customs Brokers Association-MCBA) သို့မဟုတ် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်သူများအသင်း (Myanmar International Freight and Forwarders' Association-MIFFA) အဖွဲ့ဝင်ဖြစ်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။ ( သက်ဆိုင်ရာ ကုမ္ပဏီတစ်ခုတည်းအတွက်သာ လုပ်ငန်းဆောင်ရွက်မည့်သူများအနေဖြင့် အထက်ဖော်ပြပါ ထောက်ခံချက် ပူးတွဲတင်ပြရန် မလိုအပ်ပါ။)

## အခန်း(၄)
## သက်တမ်းတိုးမြှင့်ခြင်း

၁၁။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း သက်တမ်းတိုးမြှင့်ခြင်းကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်သက်တမ်းသည် အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်ကတ်ပါ ခွင့်ပြုသည့်ရက်မှ နှစ်နှစ်ထိ ဖြစ်ပြီး သက်တမ်းတိုးမြှင့်ခြင်းကို သက်တမ်းမကုန်ဆုံးမီ သုံးလ ကြိုတင်၍ ဆောင်ရွက်နိုင်ပြီး သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးပြီးဖြစ်ရမည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေးနှင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိသူအတွက် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခွင့် သက်တမ်းတိုးမြှင့် ကြေးအား အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း ပေးဆောင်ရမည်။

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းတိုးမြှင့်ရန်လျှောက်ထားရာတွင် ဖွဲ့စည်းစဉ်က မူလ တင်ပြချက်များပြောင်းလဲမှုရှိပါက စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲ၏ သတ်မှတ်လျှောက်လွှာ ပုံစံတွင်ဖော်ပြ၍ သက်ဆိုင်ရာ စာရွက် စာတမ်းများ ပူးတွဲတင်ပြရမည်။ သက်တမ်းတိုးမြှင့်ခွင့် ရရှိပြီးပါက မူလထုတ်ပေး ထားသော ဝန်ဆောင်မှုလုပ်ကိုင်ခွင့် ကတ်မူရင်းများအား ပြန်လည်အပ်နှံပြီးမှသာလျှင် ကတ်အသစ်များအား ထုတ်ပေးမည်။

(ဃ) သတ်မှတ်ကာလအတွင်း သက်တမ်းတိုးမြှင့်ခြင်းမပြုသော ဝန်ဆောင်မှုကုမ္ပဏီ များအား လုပ်ကိုင်ခွင့်ကို စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဌာနခွဲမှ လည်းကောင်း၊ အသုံးပြုသူလျှို့ဝှက်သင်္ကေတ (User Code) ကို ကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲမှလည်းကောင်း ယာယီ ပိတ်သိမ်းမည်။ သက်တမ်းကျော်လွန်ပြီး တစ်နှစ်အတွင်း သက်တမ်းတိုးမြှင့်ခြင်း မရှိပါက လုပ်ငန်းဆက်လက်လုပ်ကိုင်ခြင်း မရှိဟုမှတ်ယူပြီး လုပ်ငန်းလုပ်ကိုင်ခွင့်

မှတ်ပုံတင်ကို အပြီးပယ်ဖျက်၍ အာမခံငွေ (Fixed Deposit) ကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်းခံရမည်။

(င) သက်တမ်းကျော်လွန်ပြီး တစ်နှစ်အတွင်း ခိုင်လုံသောအကြောင်းပြချက်ဖြင့် တင်ပြလာမှုအပေါ် ညွှန်ကြားရေးမှူးချုပ်က သက်တမ်းတိုးရန် ခွင့်ပြုသော ကိစ္စရပ်များ၌ သက်တမ်းကျော်လွန်မှုကာလအလိုက် အကောက်ခွန်ဦးစီးဌာနမှ အခါအားလျော်စွာ သတ်မှတ်ပေးသော ဒဏ်ကြေးအားပေးသွင်းရမည်။

(စ) ယာယီပိတ်သိမ်းပြစ်ဒဏ်ကျခံနေရသည့်ကာလအတွင်း သက်တမ်းတိုးရန် အချိန်စေ့ရောက်ပါက သက်တမ်းတိုးခွင့်ပြုမည်ဖြစ်သော်လည်း အရေးယူကာလပြီးဆုံးမှသာ လုပ်ငန်း ပြန်လည်ဆောင်ရွက်ခွင့်ပြုမည်။

(ဆ) သက်တမ်းတိုးရာတွင် မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MCBA) သို့မဟုတ် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်သူများအသင်း (MIFFA) တို့၌ နှစ်စဉ် ကြေးပေးဆောင်ပြီးကြောင်း အထောက်အထားပူးတွဲ တင်ပြရမည်။ ( သက်ဆိုင်ရာ ကုမ္ပဏီတစ်ခုတည်းအတွက်သာ လုပ်ငန်းဆောင်ရွက်မည့်သူများအနေဖြင့် တင်ပြရန် မလိုအပ်ပါ။)

၁၂။ နယ်စပ်များမှ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းသက်တမ်းတိုးခွင့် တင်ပြခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် ကြိုတင်စစ်ဆေးပြီး အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲသို့ ဆက်လက်တင်ပြဆောင်ရွက်သွားရမည်။

## အခန်း(၅)

## အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအတွက် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်တင်ပြခြင်း

၁၃။ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ကိုယ်စား အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ခွင့် လျှောက်ထားသူဝန်ထမ်းများအား အကောက်ခွန်

ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဖြူရောင်ကတ် ထုတ်ပေးမည်ဖြစ်ပြီး အဆိုပါ အဖြူရောင် ကတ်ကိုင်ဆောင်သူများသည် အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အဖြူရောင်ကတ် ကိုင်ဆောင်ခွင့်ရရှိသူများသည် အကောက်ခွန်လုပ်ငန်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေ၊ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) အဖြူရောင်ကတ်လျှောက်ထားရာတွင် ဝန်ထမ်းများသည် ၎င်းတို့၏ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အကြီးအကဲကိုယ်တိုင် သို့မဟုတ် အကြီးအကဲက တာဝန်ပေးအပ်ထားသူ တစ်ဦးဦး၏ ထောက်ခံချက်ဖြင့် လျှောက်ထားရမည်။

(ဂ) မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးမြှင့်ကြေးနှင့်ဒဏ်ကြေးတို့အား အကောက်ခွန်ဦးစီး ဌာနမှ အခါအားလျော်စွာ သတ်မှတ်ထားသည့်အတိုင်းပေးသွင်းရမည်။

(ဃ) အဖြူရောင်ကတ် ကိုင်ဆောင်သူများသည် မိမိကိုယ်စားပြု အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ သွင်းကုန် သို့မဟုတ် ထုတ်ကုန် လုပ်ငန်းများကိုသာ ဆောင်ရွက်ခွင့်ရှိသည်။

(င) အကောက်ခွန်ကြေညာလွှာတင်သွင်းနိုင်ရန်အတွက် အသုံးပြုသူ လျှို့ဝှက်သင်္ကေတ (User Code) ရယူရန် ကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေး ဌာနခွဲ၊ မှတ်ပုံတင်ဌာနစိတ် (User Regristration Section) တွင် မှတ်ပုံတင် ဆောင်ရွက်ရမည်။

(စ) အဖြူရောင်ကတ်ကိုင်ဆောင်သူများသည် လုပ်ငန်းကျွမ်းကျင်မှုအတွက် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အခါအားလျော်စွာဖွင့်လှစ်သော သင်တန်းများကို တက်ရောက်ရန် အကြောင်းကြားပါက မပျက်မကွက် တက်ရောက်ရမည်။

(ဆ) အဖြူရောင်ကတ်ပြားသက်တမ်းအား ကတ်ပေါ်ရှိ ခွင့်ပြုသည့်ရက်မှ နှစ်နှစ်အထိ ဖြစ်ပြီး သက်တမ်းတိုးမြှင့်ခြင်းကို သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်လျှောက်ထား ရမည်။ သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးပြီးဖြစ်ရမည်။ အဖြူရောင်ကတ်ပြား

ကိုင်ဆောင်သူ ဝန်ထမ်းအပြောင်းအလဲရှိပါက အကောက်ခွန်ဦးစီးဌာနသို့ ကတ်ပြား အဟောင်းပြန်လည် အပ်နှံ၍ကတ်ပြားအသစ် ထပ်မံလျှောက်ထားရမည်။

၁၄။ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသည် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းအတွက် ပေးသွင်းရမည့် အာမခံငွေ (Fixed Deposit) ကို ကင်းလွတ်ခွင့်ရရှိ မည်ဖြစ်သည်။

## အခန်း(၆)

## လုပ်ငန်းဖျက်သိမ်းခြင်း

၁၅။ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများသည် ဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက လုပ်ငန်း ဖျက်သိမ်းခြင်းအား အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(က) လုပ်ငန်းဖျက်သိမ်းမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာချက်နှင့်အတူ လုပ်ငန်းရပ်ဆိုင်းခွင့်လျှောက်လွှာအား အကောက်ခွန်ဦးစီးဌာနသို့ ဝန်ဆောင်မှု လုပ်ကိုင်ခွင့် ကတ်ပြားများပူးတွဲအပ်နှံတင်ပြရမည်။

(ခ) ပေးသွင်းရန်ကျန်ရှိသော အခွန်အခများအားလုံး ရှင်းလင်းပေးသွင်းပြီးကြောင်းနှင့် လုပ်ငန်းကြွေးကျန်မရှိကြောင်း အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ နယ်ရုံးများကြီးကြပ်ရေးဌာနခွဲ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲနှင့် ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲတို့မှ စိစစ်အတည်ပြုချက်ရရှိပါက ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုမိန့်ဖြင့် အာမခံငွေ (Fixed Deposit) အား ပြန်လည်ထုတ်ယူနိုင်သည်။

၁၆။ နယ်စပ်များမှ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဖျက်သိမ်းခွင့် တင်ပြခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကောက်ခွန် ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် ကြိုတင်စစ်ဆေးပြီး အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲသို့ ဆက်လက်တင်ပြ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ရမည်။

## အခန်း(၇)

## အခွင့်အရေးနှင့်တာဝန်ဝတ္တရားများ

၁၇။ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ၊ ကုမ္ပဏီ နှင့် လူပုဂ္ဂိုလ်များသည် အောက်ဖော်ပြပါ အခွင့်အရေးများရရှိမည်-

(က) အကောက်ခွန်ကြေညာလွှာတင်သွင်းခြင်းနှင့် ပတ်သက်သော အချက်အလက်များနှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ရန် လမ်းညွှန်မှုများကို အကောက်ခွန်ဦးစီးဌာနသို့ တောင်းခံခွင့်ရှိသည်။

(ခ) အကောက်ခွန်ဦးစီးဌာန၏ မြန်မာ့ကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေးစနစ် (MACCS) ကိုအသုံးပြု၍ အကောက်ခွန်ကြေညာလွှာများ တင်သွင်းခွင့်ရရှိသူ (Declarant) အဖြစ် ဆောင်ရွက်နိုင်ရန် မှတ်ပုံတင် ပြုလုပ်ခွင့်ရှိသည်။

(ဂ) မရှင်းလင်းသည့်ကိစ္စရပ်များရှိပါက သက်ဆိုင်ရာ အကောက်ခွန်အရာရှိအဆင့်ဆင့်တို့ထံ တွေ့ဆုံဆွေးနွေးတင်ပြနိုင်သည်။

(ဃ) အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်မှုနှင့် ကုန်ပစ္စည်း အမျိုးအစားခွဲခြားခြင်း ကြိုတင်သတ်မှတ်မှုတို့အား အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးရန်တောင်းဆိုနိုင်သည်။

(င) အကောက်ခွန်လုပ်ငန်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေ ၊ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှု ရှိ ၊ မရှိ စိစစ်ပေးရန် တောင်းဆိုပိုင်ခွင့်ရှိသည်။

(စ) ကုန်ပစ္စည်းများထုတ်ယူခြင်းမပြုမီ အကောက်ခွန်ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို တင်သွင်းကြေညာသူများမှ သဘောမတူလျှင် ထပ်မံစစ်ဆေးပေးရန် တောင်းဆိုနိုင်သည်။

(ဆ) အကောက်ခွန်အရာရှိများနှင့် ဝန်ထမ်းများ၏ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက ညွှန်ကြားရေးမှူးချုပ်ထံတင်ပြနိုင်သည်။

(ဇ) မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အကောက်ခွန်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိသည်။

၁၈။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ရသူများအားလုံးသည် အောက်ဖော်ပြပါတို့ကို လိုက်နာဆောင်ရွက်ရန်တာဝန်ရှိသည်-

(က) အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးထားသော အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ကိုယ်စားလှယ် ကတ်ပြားရရှိထားရမည်။

(ခ) အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့် ကိုယ်စားလှယ်ကတ်ပြားရရှိသူ (အဝါရောင်ကတ်၊ အဖြူရောင်ကတ်) သာလျှင် သက်ဆိုင်ရာ စာရွက်စာတမ်းများတွင် လက်မှတ်ရေးထိုးခွင့်နှင့် အကောက်ခွန်ကြေညာလွှာများကို တာဝန်ခံတင်သွင်းရမည်။ ဝန်ဆောင်မှုကိုယ်စားလှယ်များသည် မိမိတင်သွင်းသော အကောက်ခွန်ကြေညာလွှာပါ အချက်အလက်များမှန်ကန်စွာ ဖြည့်သွင်းရန် တာဝန်ရှိသည်။

(ဂ) အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးထားသော အကောက်ခွန်ဝန်ဆောင်မှု လုပ်ကိုင်ခွင့်ကတ်ရရှိသူများသာ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရမည်။

(ဃ) ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်းနှင့် အသုံးပြုသူ လျှို့ဝှက်သင်္ကေတ (User Code) ကိုအသုံးပြု ဆောင်ရွက်ခြင်းတို့အတွက် ဖြစ်ပေါ်လာသော အကျိုးဆက်အားလုံးအပေါ်တွင် အပြည့်အဝ တာဝန်ခံရမည်။ ပန်းရောင်ကတ်လုပ်သားများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော အကျိုးဆက်အားလုံးကို ပန်းရောင်ကတ်ကိုင်ဆောင်သူ၌ တာဝန်ရှိသည့်အပြင် အဝါရောင်ကတ်ကိုင်ဆောင်သူမှ တာဝန်ခံရမည်။

(င) အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်မှုနှင့်ကုန်ပစ္စည်း အမျိုးအစားခွဲခြားခြင်း ကြိုတင်သတ်မှတ်မှုတို့အား ဆောင်ရွက်နိုင်ရန်အတွက် ခိုင်လုံတိကျသော

သတင်း အချက်အလက်များကို အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ထံမှရယူကာ အကောက်ခွန်ဦးစီးဌာနသို့ တင်ပြရမည်။

(စ) အကောက်ခွန်ကြေညာလွှာ တင်သွင်းခြင်းများကို အကောက်ခွန်လုပ်ငန်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေ၊ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဆ) တင်သွင်း တင်ပို့ခဲ့သည့်ပစ္စည်းများနှင့် ပတ်သက်သော မူရင်းစာရွက်စာတမ်းများကို သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ မပျက်မကွက် ပြန်လည်လွှဲပြောင်းပေးရမည်။

(ဇ) ပစ္စည်းများကိုမြေပြင်စစ်ဆေးခြင်း ဆောင်ရွက်ရာတွင် လိုအပ်သည့်လူအင်အားနှင့် စက်ပစ္စည်းကိရိယာများကို စီစဉ်ဆောင်ရွက်ပေးရမည်။ လိုအပ်ပါက ပစ္စည်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြနိုင်သော ကျွမ်းကျင်ပညာရှင်အား ခေါ်ယူရှင်းလင်းစေခြင်းကို ဆောင်ရွက်ပေးရမည်။

(ဈ) နိုင်ငံတော်သို့ပေးသွင်းရမည့် ကျသင့်အခွန်၊အခအရပ်ရပ်နှင့် ဒဏ်ကြေးငွေများကို မပျက်မကွက်ပေးသွင်း နိုင်ရေးတာဝန်ယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းပြုရမည်။

(ည) ထုတ်ပေးထားသော လုပ်ငန်းဆောင်ရွက်ခွင့် ကိုယ်စားလှယ်ကတ်ပြားများနှင့် လုပ်ပိုင်ခွင့်အား ခွင့်ပြုထားသူမှအပ လွှဲပြောင်းလုပ်ကိုင်ခြင်းမပြုရ။

(ဋ) လုပ်ငန်းများအား ကိုယ်တိုင်မဆောင်ရွက်ဘဲ အခကြေးငွေယူ၍ တံဆိပ်တုံးရိုက်နှိပ်ပေးခြင်း၊ လက်မှတ်ရေးထိုးပေးခြင်း အသုံးပြုသူ လျှို့ဝှက်သင်္ကေတ (User Code) ကို လွှဲပြောင်းအသုံးပြုခြင်းများ မပြုရ။

(ဌ) ထုတ်ပေးထားသော အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်ကတ်ပြား ချိတ်ဆွဲ၍ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပြီး အဖြူရောင်ကတ်ကိုင်ဆောင်သူများမှအပ မိမိနှင့်သက်ဆိုင်သည့် သတ်မှတ်အရောင်ပါရှိသော တူညီဝတ်စုံကို ဝတ်ဆင်ရမည်။

(ဃ) အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၏ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက် ခွင့်ရရှိထားသူများအနေဖြင့် မိမိတာဝန်ယူထားသည့် လုပ်ငန်းများကိုသာ လက်မှတ်ရေးထိုး၍ အကောက်ခွန်ကြေညာလွှာ တင်သွင်းခွင့်ရှိသည်။

(ဃ) မိမိကိုယ်တိုင် သို့မဟုတ် မိမိဝန်ထမ်း၏ပေါ့လျော့မှု၊ ပျက်ကွက်မှုကြောင့် သက်ဆိုင်ရာ အမှုတွဲ၊ စာရွက်စာတမ်းတစ်စုံတစ်ရာ ပျောက်ဆုံးခဲ့လျှင် တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းဆိုင်ရာ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မရှိစေရန်အတွက် အကောက်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တာဝန်ခံအကောက်ခွန်အရာရှိထံသတင်းပို့ရမည်။

## အခန်း(၈)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၉။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်မည့်သူ မည်သူမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခု ကျူးလွန်ပါက ထိုသူအား ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေအရ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းနှင့် အာမခံငွေ (Fixed Deposit) အားပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်ပြစ်ဒဏ် ချမှတ်ရမည်-

(က) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းကို ကိုယ်တိုင်ဆောင်ရွက်ခြင်း မပြုဘဲ၊ အကောက်ခွန် ကြေညာလွှာပုံစံတွင် အခကြေးငွေယူ၍ တံဆိပ်တုံးရိုက်နှိပ်ပေးခြင်း၊ လက်မှတ်ရေးထိုးပေးခြင်း၊ မိမိတို့၏ လုပ်ပိုင်ခွင့်နှင့် အသုံးပြုသူ လျှို့ဝှက်သင်္ကေတ (User Code) ကို လွှဲပြောင်းအသုံးပြုခြင်း။

(ခ) မိမိကိုယ်တိုင် သို့မဟုတ် မိမိဝန်ထမ်း၏ပေါ့လျော့မှု ၊ ပျက်ကွက်မှုကြောင့် သက်ဆိုင်ရာ အမှုတွဲ၊ စာရွက်စာတမ်း တစ်စုံတစ်ရာ ပျောက်ဆုံးခြင်း ၊ အခြားပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်း။

(ဂ) အပိုဒ် (၁၈) ပါ အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်များ လိုက်နာရမည့် တာဝန်ဝတ္တရားများပါ အချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း။

(ဃ) နာမည်ပျက်စာရင်းတွင် ထည့်သွင်းသတ်မှတ်ခံရခြင်း။

(င) သက်တမ်းတိုးမြှင့်ခြင်းမပြုဘဲ လုပ်ငန်းဆောင်ရွက်သည်ကို စစ်ဆေးတွေ့ရှိရခြင်း။ (သက်တမ်းကျော်လွန်မှု တစ်နှစ်အောက် ကိစ္စများသာ)

(စ) သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းဆောင်ရွက်သည့် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုမ္ပဏီများအား သီးခြားကိုယ်စားပြုသည့် အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူများသည် မိမိဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီတို့ဖြင့် သက်ဆိုင်မှုမရှိသော အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း။

(ဆ) အကောက်ခွန်လုပ်ငန်းနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို အတုအပပြုလုပ်ခြင်း ၊ ပြင်ဆင်ခြင်း။

(ဇ) ဆိပ်ကမ်း၊ လေဆိပ်ကုန်လှောင်ရုံ ၊ လေဆိပ်၊ အကောက်ခွန်စစ်ဆေးရေးစခန်းများသို့ ပန်းရောင်ကတ်ကိုင်ဆောင်သူများမှ ပစ္စည်းတင်သွင်း သို့မဟုတ် တင်ပို့သည့် မြေပြင်လုပ်ငန်းကို ကိုယ်တိုင်ဆောင်ရွက်ခြင်းမပြုဘဲ လုပ်ငန်းဆောင်ရွက် ခွင့်မရှိသည့် အခြားပုဂ္ဂိုလ်တစ်ဦးဦး၊ နေ့စား၊ အငှားလုပ်သားဖြင့် ဆောင်ရွက်စေခြင်း။

(ဈ) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနမှ ခွင့်ပြုထုတ်ပေးသည့် ကတ်ပြားအသီးသီးအနက် လူပုဂ္ဂိုလ်တစ်ဦးအမည်ဖြင့် ကတ်ပြားတစ်မျိုးထက် ပိုမိုလျှောက်ထားကိုင်ဆောင်ခြင်း။

(ည) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီသက်တမ်းတိုး ဆောင်ရွက်ရာတွင် ယခင်ပြစ်ဒဏ်ရှိ၍ ပိတ်သိမ်းထားသည့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီ တွင်ပါရှိနေကြောင်းစိစစ်တွေ့ရှိရခြင်း။

၂၀။ အမြဲ့ရောင်ကတ် ကိုင်ဆောင်သူများသည် လုပ်ငန်းကျွမ်းကျင်မှုအတွက် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အခါအားလျော်စွာ ဖွင့်လှစ်သောသင်တန်းများကို တက်ရောက်ရန် ပျက်ကွက်ပါက ထုတ်ပေးထားသော အမြဲ့ရောင်ကတ်အား ပြန်လည်ရုပ်သိမ်းခြင်းခံရမည်။

၂၁။ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းများကို အကောက်ခွန်ဦးစီးဌာနတွင် တရားဝင် မှတ်ပုံတင်ခြင်းမရှိဘဲ လုပ်ကိုင်ဆောင်ရွက်လျှင် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေအရ ထိုသူသည် ကျပ်သိန်း ငါးဆယ်ထက်မပိုသော ဒဏ်ငွေတပ်ရိုက်ခြင်းခံရမည် သို့မဟုတ် တရားသူကြီးရှေ့တွင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ကျခံစေရမည်။

၂၂။ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ၊ ကုမ္ပဏီ များ သို့မဟုတ် ၎င်း၏ကိုယ်စား အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် နိုင်ငံတော်ဘက်မှ အခွန်ဘဏ္ဍာဆိုင်ရာနစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါက အဆိုပါ နစ်နာသည့်အခွန်ဘဏ္ဍာများနှင့်စပ်လျဉ်း၍ အစိုးရဌာနဆိုင်ရာအဖွဲ့ အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့်၎င်း၏ကိုယ်စား အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများမှ သတ်မှတ်ကာလအတွင်း ပြန်လည်ပေးသွင်းရမည်။ ပြန်လည်ပေးသွင်းရန် ပျက်ကွက်ပါက ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေအရ အရေးယူခြင်းခံရမည်။

## အခန်း(၉)

## အယူခံဝင်ရောက်ခြင်း

၂၃။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းများအတွက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲရေး ဆိုင်ရာအရေးယူခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အရေးယူခြင်းခံရသော အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုကုမ္ပဏီသည် အခွင့်ရအကောက်ခွန်အရာရှိ၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ အယူခံ ဝင်ရောက်နိုင်သည်။

၂၄။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှု ကုမ္ပဏီတို့ကို စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူ အပြစ်ပေးခြင်းကိစ္စရပ်များနှင့်ပတ်သက်၍ စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးအတည်ဖြစ်စေရမည်။

## အခန်း (၁၀)

## အထွေထွေ

၂၅။ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူများသည် ရုံးခန်းလိပ်စာ၊ ဖုန်းနံပါတ် (လက်ကိုင်ဖုန်း သို့မဟုတ် ကြိုးဖုန်း)၊ အီးမေးလ်၊ အမြဲတမ်းနေရပ်လိပ်စာ စသည်တို့ပြောင်းလဲမှု ရှိတိုင်း အကောက်ခွန်ဦးစီးဌာန စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဌာနခွဲနှင့် ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့်ထိန်းချုပ်ရေးဌာနခွဲသို့ ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းများနှင့် အတူတင်ပြရမည်။

၂၆။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများသည် ထုတ်ပေးထားသော ကတ်ပြား များ ပျက်စီးပျောက်ဆုံးပါက နိုင်ငံပိုင်သတင်းစာများတွင် ပျောက်ဆုံးကြောင်း ကြေညာရမည့်အပြင် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရဲစခန်းထောက်ခံချက်တို့နှင့်အတူ အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ ညွှန်ကြားရေးမှူးထံသို့ အမြန် တင်ပြ၍ ဒဏ်ကြေးနှင့်ထပ်မံထုတ်ပေးမည့် ကတ်ပြားအတွက်ကောက်ခံငွေကို အကောက်ခွန်ဦးစီး ဌာနမှ အခါအားလျော်စွာ သတ်မှတ်သည့် အတိုင်းပေးသွင်းရမည်။ ကတ်ပြားအသစ် မရမီကာလ အတွင်း စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက ယာယီ လုပ်ငန်းဆောင်ရွက်ခွင့်ပြုနိုင်သည်။

၂၇။ အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ ညွှန်ကြားရေးမှူးသည် အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ခွင့်ပေးခြင်း၊ သက်တမ်းတိုးခြင်း၊ ယာယီရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းနှင့် ဖျက်သိမ်းခြင်းကိစ္စရပ်များကို ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၂၈။ အကောက်ခွန်ဦးစီးဌာနသည် အကောက်ခွန်ဝန်ဆောင်မှုဆိုင်ရာ အရည်အချင်းစစ် စာမေးပွဲ ကို အခါအားလျော်စွာကျင်းပပေးမည်။ စာမေးပွဲဝင်ရောက်ဖြေဆိုလိုသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသား ဘွဲ့ရရှိပြီးသူ၊ ကျန်းမာရေးကောင်း၍ ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်ဖြစ်ပြီး သတ်မှတ်ထားသော စာမေးပွဲကြေးပေးသွင်း၍ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်။

အကောက်ခွန်ဦးစီးဌာနမှ အောင်မြင်သူများအား အောင်လက်မှတ်ကတ်ပြား ထုတ်ပေးသွားမည်ဖြစ်ပြီး အဆိုပါ ကတ်ပြားရှိသူများသည် အကောက်ခွန်ဦးစီးဌာနသို့ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ခွင့် လျှောက်ထားနိုင်သည်။

၂၉။ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူများသည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးထားသော အကောက်ခွန်ဝန်ဆောင်မှုကိုယ်စားလှယ် ကတ်ပြားအသီးသီးအတွက် ကတ်ပြား တန်ဖိုးများအား အခါအားလျော်စွာ သတ်မှတ်ထားသည့်အတိုင်း ပေးသွင်းရမည်။

၃၀။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ရသည့် ကုမ္ပဏီများ၊ ကုမ္ပဏီတစ်ခုအတွက် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများနှင့် အဖြူရောင်ကတ် ထုတ်ယူထားသော အစိုးရဌာနနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသည် မိမိဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို တာဝန်ခံရမည်။

၃၁။ အကြောင်းအမျိုးမျိုးကြောင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ယာယီရပ်ဆိုင်းခြင်း ခံရပါက အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးထားသည့် အဝါရောင်ကတ်၊ အဖြူရောင်ကတ်နှင့် ပန်းရောင်ကတ်တို့အား အကောက်ခွန်ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

၃၂။ ဤလုပ်ထုံးလုပ်နည်းများသည် မိမိကိုယ်ပိုင်သုံးပစ္စည်း (Personal Effects) အဖြစ် အသုံးပြုရန်အတွက် ကိုယ်တိုင်ဆောင်ရွက်သော အကောက်ခွန်ကိစ္စများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃၃။ ဤလုပ်ထုံးလုပ်နည်းများသည် (၁-၁၀-၂၀၂၀) ရက်နေ့မှစ၍ အကျိုးသက်ရောက် စေရမည်။

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

******************************************************

စာအမှတ်၊ စဘစ / ဘဏ္ဍာ - ၂ / ၁ / ၂၅၄ (၃၂၅၇ / ၂၀၂၀)

ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်

**ဖြန့်ဝေခြင်း**

**နိုင်ငံတော်သမ္မတရုံး**

ပုံစံ(က)

သို့

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန
ရန်ကုန်မြို့

ရက်စွဲ ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုပါရန် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မ --------------------------------- သည် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရေးအတွက် သတ်မှတ်ထားသော အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် (-------------- ကုမ္ပဏီဖွဲ့စည်း၍ / ------------------ ကုမ္ပဏီအတွက် အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်အဖြစ်) မှတ်ပုံတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းကို ဒါရိုက်တာ/ အဝါကတ် ( ) ဦးနှင့် ပန်းရောင်ကတ် ( ) ဦးတို့ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်ကတ်ပြားများ ထုတ်ယူကိုင်ဆောင်ခွင့်ပြုပါရန် မှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် လိုအပ်သော စာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ လျှောက်ထားအပ်ပါသည်။ **(မှတ်ချက် - အဝါရောင်ကတ်ပြားအသစ် လျှောက်ထားသူများအနေဖြင့် အကောက်ခွန်ဝန်ဆောင်မှုဆိုင်ရာ အရည်အချင်းစစ် စာမေးပွဲအောင်လက်မှတ် ပူးတွဲလျှောက်ထားရမည်။)**

၂။ အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသော အာမခံငွေ (Fixed Deposit)၊ မှတ်ပုံတင်ကြေးနှင့် သက်တမ်းတိုးမြှင့်ကြေးများအား မပျက်မကွက် ပေးသွင်းသွားမည်ဖြစ်ကြောင်းနှင့် ယခင်ပြစ်မှုများအရ လုပ်ငန်းလုပ်ကိုင်ခွင့် ပိတ်ပင်ခံထားရသူများ မပါဝင်ကြောင်း ဝန်ခံကတိပြု တင်ပြအပ်ပါသည်။

အမည် ---------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------
ရာထူး ---------------------------------
ကုမ္ပဏီ ---------------------------------

ပုံစံ(ခ)

အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီ/ကိုယ်စားလှယ်လျှောက်လွှာ

| | | |
|---|---|---|
| ၁ | ကုမ္ပဏီ | |
| ၂ | ဆက်သွယ်ရန်လိပ်စာ / ဖုန်းနံပါတ် | |
| ၃ | အဖွဲ့ဝင်မှုအနေအထား (MCBA/MIFFA) | |
| ၄ | အဖွဲ့ဝင်အရေအတွက် | |

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | တာဝန် | ဖုန်းနံပါတ် | နေရပ်လိပ်စာ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

အထက်ပါအချက်များကိုမှန်ကန်စွာ ဖြည့်စွက်ထားပါသည်။ အကောက်ခွန်ဦးစီးဌာန၏ အမိန့်၊ စည်းကမ်းများ၊ ညွှန်ကြားချက်များအား လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြု တင်ပြလျှောက်ထားအပ်ပါသည်။

လျှောက်ထားသူလက်မှတ် ----------------------------

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အကောက်ခွန်ဦးစီးဌာန
စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်အဖွဲ့အစည်းများအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းပိုင်း(၁) တွင် ထည့်သွင်း ကြေငြာပေးပါရန်။ |

ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

10/7/2020

(ထွန်းထွန်းနိုင်)
အမြဲတမ်းအတွင်းဝန်

# ကိုယ်ရေးအချက်အလက်

၁။ အမည် -

၂။ ငယ်အမည် -

၃။ အခြားအမည် -

၄။ အသက် (မွေးသက္ကရာဇ်) -

၅။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ -

၆။ မွေးဖွားရာဇာတိ -

၇။ အမျိုးသားမှတ်ပုံတင်/ နိုင်ငံသား -

၈။ ပညာအရည်အချင်း -

၉။ လက်ရှိအလုပ်အကိုင် -

ဌာန/လစာ ဝင်ငွေ

၁၀။ ယခုနေရပ် -

၁၁။ အမြဲတမ်းနေရပ် -

တယ်လီဖုန်းနံပါတ် -

(ကြိုးဖုန်း/ ဟန်းဖုန်း/ Email) -

၁၂။ ပုံသဏ္ဌာန်ဖော်ပြချက်

(က) အရပ်အမြင့် -

(ခ) ဆံပင်အရောင် -

(ဂ) မျက်စိအရောင် -

(ဃ) ထင်ရှားသည့်အမှတ်အသား -

(င) အသားအရောင် -

(စ) ကိုယ်အလေးချိန် -

၁၃။ ပညာသင်ဆည်းပူးခဲ့သော/ သင်တန်းတက်ရောက်ခဲ့သော ကျောင်းကောလိပ်၊ တက္ကသိုလ်၊ အလုပ်ဌာန၊ သင်တန်း စသည်များ -----

| မှ | ထိ | ကျောင်း၊ ကောလိပ်၊ အလုပ်ဌာန သင်တန်း | တည်နေရာအရပ် | အဆင့်အတန်း |
|---|---|---|---|---|
| | | | | |

၁၄။ ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည့် အလုပ်အကိုင်၊ ဌာနများနှင့် ရာထူးအဆင့် -----

| မှ | ထိ | ကျောင်း၊ ကောလိပ်၊ အလုပ်ဌာန သင်တန်း | တည်နေရာအရပ် | အဆင့်အတန်း |
|---|---|---|---|---|
| | | | | |

၁၅။ နိုင်ငံခြားသို့ရောက်ဘူးလျှင်

| မှ | ထိ | သွားရောက်သည့်နိုင်ငံ | သွားရောက်သည့်ကိစ္စ | မှတ်ချက် |
|---|---|---|---|---|
| | | | | |

၁၆။ ပါဝင်ဆောင်ရွက်ခဲ့သော နိုင်ငံရေး၊ လူမှုရေးအဖွဲ့စည်းများနှင့် အဆင့်အတန်းတာဝန်များ

| မှ | ထိ | သွားရောက်သည့်နိုင်ငံ | သွားရောက်သည့်ကိစ္စ | မှတ်ချက် |
|---|---|---|---|---|
| | | | | |

၁၇။ အဘ နှင့် အဘ၏ မောင်နှမအရင်းအချာများ

| စဉ် | အမည် | တော်စပ်ပုံ | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

၁၈။ အမိ နှင့် အမိ၏ မောင်နှမအရင်းအချာများ

| စဉ် | အမည် | တော်စပ်ပုံ | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

၁၉။ ညီအစ်ကိုမောင်နှမအရင်းအချာများ

| စဉ် | အမည် | တော်စပ်ပုံ | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

၂၀။ ဇနီး/ ခင်ပွန်းနှင့် ယင်း၏ မောင်နှမအရင်းအချာများ

| စဉ် | အမည် | တော်စပ်ပုံ | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

၂၁။ ဇနီး/ ခင်ပွန်း၏ အဘနှင့် ယင်း၏ မောင်နှမအရင်းအချာများ

| စဉ် | အမည် | တော်စပ်ပုံ | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

၂၂။ ဇနီး/ ခင်ပွန်း၏ အမိနှင့် ယင်း၏ မောင်နှမအရင်းအချာများ

| စဉ် | အမည် | တော်စပ်ပုံ | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

၂၃။ သားသမီးများနှင့် ယင်းတို့၏ ဇနီး/ ခင်ပွန်းများ

| စဉ် | အမည် | တော်စပ်ပုံ | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

မှတ်ချက်။ သားသမီးများ၏ ဇနီး/ခင်ပွန်းများအမည်ကို ဖြည့်စွက်သည့်အခါ မှတ်ချက်အပိုဒ်တွင် ယင်းတို့၏ မိဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာကို ထည့်သွင်းဖော်ပြရမည်။

၂၄။ စစ်ဘက်/ နယ်ဘက်တွင် ခင်မင်ရင်းနှီးသူများ၏ အမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ

၂၅။ မိမိအား ထောက်ခံသည့်ပုဂ္ဂိုလ်၏ အမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ

၂၆။ ရာဇဝတ်မှုဖြင့် အရေးယူခံရဖူးခြင်း ရှိ/မရှိ၊ ရှိလျှင် အမှုအကျဉ်းချုပ်နှင့် ပြစ်ဒဏ်ခံရမှုကို အကျဉ်းချုပ် ဖော်ပြရန်

**အထက်ပါ ဖြည့်စွက်ချက်အားလုံးမှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။**

| | |
|---|---|
| လက်မှတ် နှင့် နေ့စွဲ | - |
| အမည် | - |
| အမျိုးသားမှတ်ပုံတင်/ | - |
| နိုင်ငံခြားသားမှတ်ပုံတင်အမှတ် | - |
| ဖြည့်စွက်သည့်နေရာ | - |
| ဖြည့်စွက်သည့်နေစွဲ | - |